# ဦးပုည၏ ပြဇာတ်အတတ်ပညာ

## ပါရဂူဘွဲ့ (Ph.D) အတွက် တင်သွင်းသောကျမ်း

နေလင်း (မဟာဝိဇ္ဇာ)

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၄ ခုနှစ် ၊ ဖေဖော်ဝါရီလ

## ကျမ်းအကျဉ်းချုပ်

ပြဇာတ်စာပေသည် သရုပ်ဖော်ကပြရန်အတွက် ရေးသားထားသည့် စာပေတစ်ရပ်ဖြစ်သည်။ ပြဇာတ်စာပေကို စင်တင်ကပြမှုဆိုင်ရာ အတတ်ပညာများနှင့် ပေါင်းစပ်ရမှ ပရိသတ်ကို ဖျော်ဖြေမှုပေးနိုင်သည့် အနုပညာတစ်ရပ်ဖြစ်လာသည်။ ထို့ကြောင့် ပြဇာတ်သည် ပေါင်းစပ်အနုပညာတစ်ရပ်ဖြစ်သည်။ လူဟူ၍ စတင်ဖြစ်တည်လာကတည်းက ပြဇာတ်အနုပညာမျိုးစေ့များ ကိန်းဝပ်တည်ရှိလာခဲ့သည်။ ထိုအနုပညာ ဗီဇဓာတ်ခံကို အဆင့်ဆင့်ပြုပြင်မွမ်းမံကြရာမှ ပြည့်စုံသောပြဇာတ်အတတ်ပညာများ ထွန်းကားလာခဲ့သည်။ နိုင်ငံတိုင်း၊ လူမျိုးတိုင်း ပြဇာတ်ပေါ်ပေါက်ရာ အချိန်ကာလချင်း မတူနိုင်သော်လည်း ကိုးကွယ် ယုံကြည်မှု၊ ကဗျာလင်္ကာသီကုံးမှု၊ နိပါတ်ခင်းမှု၊ မိမိတို့အစဉ်အလာနှင့် ကိုက်ညီသည့် ပြဇာတ်ပုံစံများ တီထွင်လာမှု စသော အခြေခံအဆင့်ကြီးများကို ဖြတ်သန်းခဲ့ရသည်ကို တွေ့ရသည်။ ယခုအခါတွင်မူ အင်္ဂါစုံလင်သည့် ပြဇာတ်အနုပညာရပ်တစ်ခုအနေနှင့် ခိုင်ခိုင်မာမာ ရပ်တည်နေနိုင်ပြီ ဖြစ်သည်။

ထို့ကြောင့် ပြဇာတ်လေ့လာသူများသည် ပြဇာတ်အင်္ဂါရပ်တစ်ခုချင်းအလိုက် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ တန်ဖိုးဖြတ်ချက်များဖြင့် ပြဇာတ်ဆရာတစ်ဦး၏ အတတ်ပညာကို လေ့လာမှုပြုကြရပါသည်။ ပြဇာတ်အနုပညာတွင် ပြဇာတ်စာပေရေးသားမှုနှင့် စင်တင်ကပြမှုဟူသော အပိုင်းနှစ်ခုပေါင်းစပ်ပါဝင်နေသည်။ ပြဇာတ်စာပေသည် ပြဇာတ်အနုပညာ၏ ကောက်ကြောင်းတစ်ခုဖြစ်သော်လည်း ပြဇာတ်အနုပညာရုပ်လုံးပေါ်လာရေးအတွက် အမာခံကျောရိုးတစ်ခုလည်းဖြစ်သည်။ ထို့ကြောင့် ပြဇာတ်စာပေကို စင်တင်ကပြမှုဆိုင်ရာ သဘောတရားများနှင့်လည်း ပေါင်းစပ်လေ့လာမှု ပြုရပါသည်။

မြန်မာနိုင်ငံတွင်လည်း သဘင်ခင်းကျင်းမှုများကို ပျူခေတ်ကတည်းကပင် တွေ့ရှိနေရပြီဖြစ်သည်။ သို့သော် ဇာတ်လမ်းဇာတ်ကွက် သရုပ်ဖော်တင်ဆက်မှုကိုမူ ညောင်ရမ်းခေတ်တွင်မှ တွေ့ရသည်။ ဝန်ကြီးပဒေသရာဇာ၏ မဏိကက်ပြဇာတ်သည် အစောဆုံးတွေ့ရသည့် မြန်မာပြဇာတ်စာပေတစ်ခုပင် ဖြစ်သည်။ ကုန်းဘောင်ခေတ်သို့ရောက်သောအခါ သဘင်ခင်းကျင်းမှုအမျိုးမျိုးအပြင် ဇာတ်လမ်းဇာတ်ကွက်ကို သရုပ်ဖော်ကပြသည့် နန်းတွင်းဇာတ်တော်ကြီးများနှင့် ပြဇာတ်တိုအများအပြား ပေါ်ပေါက်လာသည်။ ဦးကြင်ဥနှင့် ဦးပုညတို့သည် မြန်မာပြဇာတ်တိုခေတ်ကို စတင်တည်ထောင်ခဲ့သူများ ဖြစ်သည်။ တစ်ညအတွင်း ကပြနိုင်သည့် ပြဇာတ်တိုများဖြစ်သဖြင့် ရည်ရွယ်ချက်ကောင်းကောင်း၊ ဇာတ်လမ်းဖွဲ့စည်းမှု ကျစ်ကျစ်လျစ်လျစ်ဖြင့် ဖော်ပြနိုင် ခဲ့သည်။ ဦးကြင်ဥသည် ပင်ကိုစိတ်ကူးဉာဏ်ကို အခြေခံသည့်ပြဇာတ်များ ရေးသားခဲ့သော်လည်း ဦးပုညသည် နိပါတ်တော်နှင့် မဟာဝင်လာဇာတ်ကြောင်းများကို အခြေခံပြီး ပြဇာတ်တိုများ ရေးသားခဲ့သည်။ ပင်ကိုစိတ်ကူးဉာဏ်ကို အားပြုထားသည့် ပြဇာတ်အချို့ကိုလည်း ရေးသားခဲ့သည်။ ရေသည်ပြဇာတ်၊ ပဒုမပြဇာတ်၊ ဝေဿန္တရာပြဇာတ်တို့သည် နိပါတ်တော်ထွက် ဇာတ်လမ်းများကို အခြေခံထားသည်။ ကောသလပြဇာတ်သည် ပင်ကိုစိတ်ကူးဉာဏ်ကို အားပြုရေးသားခဲ့သည်။ သို့သော် နန်းတွင်းပြဇာတ်ကြီးများ၏ ဩဇာမကင်းဟုလည်း ဆိုပါသည်။

ဦးပုည၏ ပြဇာတ်များ၏ ထူးခြားချက်မှာ တစ်ညအတွင်း ကပြနိုင်ရန်အတွက် ဇာတ်လမ်းဇာတ်ကွက်ကို တိုတိုတုတ်တုတ်ဖြစ်အောင် ရွေးချယ်ဖော်ပြနိုင်စွမ်းရှိသည်။ ရည်ရွယ်ချက်ပေါ်လွင်အောင် ဖော်ပြနိုင်သည်။ ထို့ပြင် လူ့သဘာဝနှင့် လောကသဘာဝအမြင်များ၊ ခေတ်အရိပ်ထင်ဟပ်ချက်များပါ ပေါ်လွင်

အောင် ဖော်ပြနိုင်သဖြင့် ပရိသတ်အား ဖျော်ဖြေမှုတာဝန်သာမက အသိပညာပေးမှုတာဝန်ကိုပါ ဆောင်ရွက်နိုင်ကြောင်း တွေ့ရသည်။ ထို့ပြင် ဦးပုည၏ပြဇာတ်များသည် ဖတ်ရှုရန်အတွက်သာမကဘဲ စင်တင်ကပြမှု အင်္ဂါရပ်များနှင့်ပါ ညီညွတ်သည်ကို တွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် ဇာတ်လမ်းအင်္ဂါရပ်များ ပြည့်ပြည့်စုံစုံ တည်ဆောက်နိုင်ခြင်း၊ ဇာတ်လမ်းအင်္ဂါရပ်တစ်ခုချင်း၏ တာဝန်ပိုင်းဆိုင်ရာများကို ထိထိရောက်ရောက်အသုံးချနိုင်ခြင်း၊ ဇာတ်ဆောင်အဝင်အထွက်နှင့် ဇာတ်ခန်းအကူးအပြောင်း မှန်မှန်ကန်ကန် တည်ဆောက်နိုင်ကြောင်း တွေ့ရသည်။ သို့သော် အချို့သော ပြဇာတ်များ(ဝေဿန္တရာနှင့်ကောသလ)တွင် ဇာတ်လမ်းဇာတ်ကွက် မပြည့်စုံမှုများ၊ ဇာတ်လမ်းအဆုံးသတ်ပိုင်း အားနည်းမှု၊ လိုအပ်မှုများ ရှိနေသည်ကိုလည်း တွေ့ရပါသည်။

သို့သော် မြန်မာပြဇာတ်တိုခေတ်ကို စတင်ဦးဆောင်ခဲ့ရသူတစ်ဦးအနေနှင့်ကြည့်လျှင်မူ ပြဇာတ်ဖန်တီးမှု အနုပညာစွမ်းအားမြင့်မားသူတစ်ဦးဖြစ်ကြောင်း၊ ခေတ်ရှေ့ပြေးနေသူတစ်ဦးဖြစ်ကြောင်း တွေ့မြင်ရပါသည်။